# ၁၉၅၄ ခုနှစ်၊ ရူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကိုမြူနီစီပါယ်ပိုင် ပြုလုပ်ခြင်း (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၄ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၄။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤအက်ဥပဒေကို၊ ၁၉၅၄ ခုနှစ်၊ ရူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ဒုတိယပြင်ဆင်ချက်) အက်ဥပဒေ ဟုခေါ်ရမည်။

(၂) ဤအက်ဥပဒေ ပုဒ်မ ၄ သည်၊ ၁၉၅၁ ခုနှစ်၊ ရူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်းအက်ဥပဒေ စတင်အာဏာတည်သည့်နေ့တွင် စတင်အာဏာတည်သည်ဟုမှတ်ယူရမည်။

၂။ ။နောက်တွင်" အဆိုပါအက်ဥပဒေ "ဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ ရူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း အက်ဥပဒေ ပုဒ်မ ၇ တွင် " ကုမ္ပဏီသည် "ဆိုသည့်စကားရပ်နောက်၌၊ " ထိုဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း" ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေပုဒ်မ ၉ တွင်—

(က) ပုဒ်မခွဲ (၃) အဆုံး၌ " ထို့ပြင် ရန်ကုန်မြို့တော်မြူနီစီပါယ်အက်ဥပဒေအရ ရန်ကုန်မြို့တော် ကော်ပိုရေးရှင်းကဖြစ်စေ၊ မြူနီစီပါယ်မင်းကြီးကဖြစ်စေ၊ မြူနီစီပါယ်ဈေးများနှင့် စပ်လျဉ်း၍သုံးစွဲဆောင်ရွက်နိုင်သည့်အာဏာများနှင့် တာဝန်ဝတ္တရားများကို ဤအက်ဥပဒေအရ လွှဲယူသည့်ဈေးနှင့်စပ်လျဉ်း၍ သုံးစွဲဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတ က အုပ်ချုပ်ရေးအဖွဲ့အားအပ်နှင်းနိုင်သည်။ " ဆိုသည့်စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ခ) ပုဒ်မခွဲ (၄) နောက်၌ အောက်ပါပြဋ္ဌာန်းချက်များကိုပုဒ်မခွဲ (၅) အဖြစ်ဖြင့်ထည့်သွင်းရမည်—

" (၅) ဤပုဒ်မအရ နည်းဥပဒေများ ပြုလုပ်သည့်အခါ နည်းဥပဒေတခုခုကို သန့်ကျင်သည့်အတွက် ကျပ်ငါးဆယ်ထိ ငွေဒဏ်ဖြစ်စေ၊ ဆက်လက်ဆန့်ကျင်သည့်အတွက် တနေ့လျှင်ငါးကျပ်ထိ ငွေဒဏ်ဖြစ်စေ၊ ထိုက်သင့်စေရမည်ဟု နိုင်ငံတော် သမ္မတက ပြဋ္ဌာန်းနိုင်သည်။"

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၉ နောက်၌အောက်ပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၁၀ နှင့် ၁၁ အဖြစ်ဖြင့်ထည့်သွင်းရမည်—

" ၁၀။ ။(၁) ဤအက်ဥပဒေနှင့် အညီ သဘောရိုးဖြင့်ပြုလုပ်သည့်၊ သို့တည်းမဟုတ် ပြုလုပ်ရန်ကြံရွယ်သည့်အပြုအမူ တခုခုအတွက် မည်သူကိုမျှ တရားမမှု၊ ရာဇဝတ်မှု၊ သို့ဘည်းမဟုတ် အခြားမှုခင်း စွဲဆိုခြင်းမပြုရ။

(၂) ဤအက်ဥပဒေတွင် အတည်အလင်းပြဋ္ဌာန်းထားသည်မှတပါး၊ ဤအက်ဥပဒေအရပြုလုပ်သည့်အမြှုအမှုအတွက် အစိုးရအား ညှိသည့်တရားမမှု၊ သို့တည်းမဟုတ်-အခြားမှုခင်းမျှ စွဲဆိုခြင်းမပြုရ။

၁၁။ ။(၁) ဤအက်ဥပဒေအရ၊ အုပ်ချုပ်ရေး အဖွဲ့က တောင်းခံရန်ကျန်ရှိသော ဆိုင်ခ၊ ဈေးကောက်၊ ငါးရမ်းခ၊ သို့တည်းမဟုတ်အခြားမပြေကျန်ငွေများကို မြေခွန်ဪမပြေ ကျန်ငွေကဲ့သို့အရေတောင်းဆိုနိုင်သည်။

(၂) နိုင်ငံတော် သမတသည်၊ထိုမပြေကျန်ငွေများကိုမည်သည့်အရာရှိ၏ လျှောက်လွှာအရင်း၊ အမိန့်အရင်း တောင်းဆိုနိုင်ရမည်ဟုအမိန့်ကြော်ငြာစာဖြင့်သတ်မှတ်နိုင်သည်။

(၃) အုပ်ချုပ်ရေးအဖွဲ့သည် နိုင်ငံတော် သမတ၏ကြိုတင်ခွင့်ပြုချက်ကိုရယူပြီးနောက်၊ ဆိုင်ခ၊ ဈေးကောက်၊ သို့တည်းမဟုတ်ငါးရမ်းခနှင့်စပ်လျဉ်းသည့်ငွေတရပ်ရပ်ကိုဖြစ်စေ၊၎င်းကိုကောက်ခံရာ၌ကုန်ကျသည့်စရိတ်ငွေတရပ်ရပ်ကိုဖြစ်စေ၊အုပ်ချုပ်ရေးအဖွဲ့ကတောင်းခံ၍မရတော့ပြီဟု ယူဆခဲ့လျှင် လျှော်ပစ်နိုင်သည်။ ''